# ကမ္ဘာထဲက မြန်မာ

**သင်တန်းအကျဉ်းချုပ်**

ဤသင်တန်းသည် ကျောင်းသားများအား ပထဝီဝင်သွင်ပြင် လက္ခဏာ များဖြစ်သည့် တည်နေရာ၊ အရင်းအမြစ်များနှင့် လူဦးရေ-တို့က [နိုင်ငံတကာ] နိုင်ငံရေးအပေါ် မည်သို့ အကျိုးသက်ရောက်စေသည်ကို နားလည်ရန် ဖြစ်ပါသည်။ ပထဝီနိုင်ငံရေး သည် ပထဝီဝင် သွင်ပြင် လက္ခဏာ များမှတစ်ဆင့် နိုင်ငံ တစ်နိုင်ငံ၏ နိုင်ငံရေးအမူအကျင့်များကို နားလည်ရန်၊ ရှင်းပြရန်နှင့် ခန့်မှန်းရန်လေ့လာသည့်နည်းလမ်းတစ်ခုဖြစ်သည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ၏ ပထဝီဝင်နိုင်ငံရေးတန်ဖိုးသည် ၎င်းနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်သည်။

မြန်မာနိုင်ငံ၏ မဟာဗျူဟာ၊ အနေအထားကို ရှုမြင်သောအခါတွင် ကြီးမားသော ပထဝီဝင်နိုင်ငံရေး သွင်ပြင် လက္ခဏာအနေအထားကို ပိုင်ဆိုင်ထားသည်။ လက်ရှိတွင် မြန်မာနိုင်ငံ၏တည်နေရာသည် တရုတ်နိုင်ငံအတွက်သာမက အိန္ဒိယအတွက်ပါ အရေးကြီးပါသည်။ မြန်မာနိုင်ငံသည် တရုတ်နှင့် အိန္ဒိယတို့ဆုံရာ လမ်းဆုံတွင်ရှိနေသည့်အပြင် မြန်မာနိုင်ငံ၏ တည်နေရာသည် တရုတ်နိုင်ငံ၏ “သမုဒ္ဒရာနှစ်စင်း မဟာဗျူဟာ” နှင့် အိန္ဒိယ၏ “အရှေ့မျှော်မူဝါဒ” တို့အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ထို့အပြင် စွမ်းအင်ရင်းမြစ်နယ်ပယ်တွင် ပေါများသော သဘာဝသယံဇာတများသည် မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေးအရ အရေးပါမှုကို မြှင့်တင်ပေးပါသည်။

ဤသင်တန်းတွင် ကျောင်းသားများအနေဖြင့် ပထဝီနိုင်ငံရေး ၏ အဓိကသီအိုရီများ အကြောင်းကို လေ့လာကြရမည် ဖြစ်သည်။ ကျောင်းသားများအားလုံး ၎င်းတို့၏ သီအိုရီဆိုင်ရာ အသိပညာကို လက်တွေ့ကျင့်သုံးနိုင်ရန်၊ အထူးသဖြင့် မြန်မာနိုင်ငံသည် ၎င်း၏ ပထဝီဝင်ဆိုင်ရာ မဟာဗျူဟာဆိုင်ရာ အားသာချက်များကို အသုံးချ၍ ၎င်း၏အမျိုးသားအကျိုးစီးပွားကို ဖေါ်ဆောင်နိုင်ခြင်းရှိ/ မရှိ ကို ပထဝီဝင်နိုင်ငံရေး သီအိုရီများကို အသုံးပြုပြီး လေ့လာနိုင်မည်ဖြစ်သည်။

**သင်တန်း တက်ရောက်ခြင်းကြောင့် သင်တန်းသားများရရှိလာမည့်ရလာဒ်**

ဤသင်တန်းကိုတက်ရောက်ခြင်းအားဖြင့်သင်တန်းသားများနားလည်လာနိုင်သည့်အချက်များ

- နိုင်ငံတစ်နိုင်ငံ၏ပထဝီဝင်အနေအထားသည် ထိုနိုင်ငံ၏နိုင်ငံရေးအပေါ် မည်သည့် အတိုင်းအတာထိ သက်ရောက်နိုင်စွမ်းရှိသည်ကိုနားလည်လာမည်ဖြစ်သည်။
- နိုင်ငံတစ်နိုင်ငံ၏ ပထဝီဝင်အနေအထားသည် ထိုနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအပေါ် မည်သည့်အတိုင်းအတာထိ သက်ရောက်နိုင်စွမ်းရှိသည်ကိုနားလည်လာမည်ဖြစ်သည်။
- ပထဝီနိုင်ငံရေးသီအိုရီ ရှုဒေါင့်မှ လေ့လာခြင်းအားဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ဆုံးဖြတ် လုပ်ဆောင်ချက်များကို ပိုမိုသဘောပေါက် နားလည်လာနိုင်မည်ဖြစ်သည်။

ဤသင်တန်း၌ တက်ကြွစွာပါဝင်ခြင်းအားဖြင့် သင်တန်းသားများ ရရှိလာမည့် အရည်အချင်းများ

- တည်နေရာ၊ သဘာဝသယံဇာတအရင်းအမြစ်၊ လူသားတို့၏ခံယူချက်အယူအဆနှင့် ယဉ်ကျေးမှုတို့က ဒေသတွင်းနှင့် နိုင်ငံတကာ နိုင်ငံရေး အပေါ်သက်ရောက်သည့် အတိုင်းအတာကိုမှန်းဆလာနိုင်မည်။

- ပထဝီနိုင်ငံရေးသီအိုရီကို အသုံးပြုပြီး မြန်မာ့မဟာဗျူဟာမြောက်ပထဝီဝင် အနေအထားကို လေ့လာသုံးသပ်နိုင်မည် ဖြစ်သည်။
- သင်တန်းသားများ၏ နိုင်ငံရေးအပေါ်ပထဝီနိုင်ငံရေးရှုဒေါင့်မှ ဝေဖန်ပိုင်းခြားမှုနှင့် ခွဲခြမ်းစိတ်ဖြာမှု စွမ်းရည်များ တိုးမြင့်လာမည်။
- မြန်မာ၏ မဟာဗျူဟာမြောက်ပထဝီဝင်အနေထားက ကမ္ဘာ့အင်အားကြီးအတွက် မည်သည့်အတိုင်းအတာအထိ အရေးပါသနည်း၊ ခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့သော အစိုးရတို့က မြန်မာ၏ မဟာဗျူဟာမြောက် ပထဝီ အနေအထားအပေါ် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အသုံးချနိုင်ခဲ့ခြင်းရှိမရှိ စသည်တို့ကို ပိုင်းခြား သိရှိလာမည်ဖြစ်သည်။

**သင်ကြားမည့်သင်ရိုး**

- Week 1 - ပထဝီနိုင်ငံရေးဆိုတာ ဘာလဲ
- Week 2 - ပထဝီမဟာဗျူဟာဆိုင်ရာသီအိုရီ
- Week 3 - အိုင်ဒီရော်လော်ဂျီခံယူချက်ဆိုင်ရာပထဝီနိုင်ငံရေးသီအိုရီ
- Week 4 - ယဉ်ကျေးမှုဆိုင်ရာ ပထဝီနိုင်ငံရေးသီအိုရီ
- Week 5 - အင်အားကြီးနိုင်ငံကြီးများ၏ ပထဝီမဟာဗျူဟာဆိုင်ရာသီအိုရီ
- Week 6 - အင်ဒိုပစိဖိတ်ဒေသတွင်း မြန်မာနိုင်ငံ၏ ပထဝီမဏ္ဍိုင်အနေထား
- Week 7 – ဒေသတွင်းအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်နှင့်အိန္ဒိယ၏ အားပြိုင်မှုကြားမှ မြန်မာနိုင်ငံ၏ အခန်းကဏ္ဍ
- Week 8 - အိန္ဒိယ၏ အရှေ့မျှော်မူဝါဒ (Look East Policy) နှင့် မြန်မာနိုင်ငံ
- Week 9 – တရုတ်၏ ပုလဲသွယ်စီမံကိန်း မဟာဗျူဟာ
- Week 10 – ပိုးလမ်းမရပ်ဝန်းစီမံကိန်း(BRI) နှင့် မြန်မာ့ပထဝီအနေအထား
- Week 11 - ပိုးလမ်းမရပ်ဝန်းစီမံကိန်း(BRI) နှင့် တရုတ်နိုင်ငံ၏အကျိုးစီးပွား
- Week 12 – တရုတ်မြန်မာစီးပွားရေးစင်္ကြံနှင့်မြန်မာ့ပထဝီနိုင်ငံရေး
- Week 13 – ပိုးလမ်းမရပ်ဝန်းစီမံကိန်း(BRI)ထဲကမြန်မာ (ပူးပေါင်းခြင်းလား ငြင်းခုန်ခြင်းလား)
- Week 14 – ပြန်လည်သုံးသပ်ချက်

**သင်တန်းနည်းပြများ**

**ဆရာမApril (ကိုယ်ရေးအကျဉ်း)**

ဆရာမ April သည် နိုင်ငံရေး သိပ္ပံ နှင့် နိုင်ငံတကာ ဆက်ဆံရေးပညာနမှ တွဲဖက်ပါမောက္ခ တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး၊ ၂၀၂၁ ခု မြန်မာနိုင်ငံစစ်အာဏာသိမ်းမှုကို ဆန့်ကျင်ပြီး အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement- CDM) တွင်ပါဝင်ခဲ့သူ ဖြစ်သည်။ ပါရဂူဘွဲ့ကို ၂၀၀၇ ခုနှစ်တွင်ရရှိခဲ့ပြီး သူမ၏ ကျွမ်းကျင်မှုနယ်ပယ်မှာ ပြည်သူ့အုပ်ချုပ်ရေးမူဝါဒ၊ နိုင်ငံရေးသီအိုရီနှင့် ပထဝီနိုင်ငံရေးတို့ဖြစ်သည်။ သူမသည် ပညာရပ်ဆိုင်ရာ ဂျာနယ်များတွင် ပထဝီနိုင်ငံရေးဆိုင်ရာ သုတေသနစာတမ်းများ၊ အထူးသဖြင့် ဒေသတွင်းနိုင်ငံကြီးများဖြစ်သည့် တရုတ်နှင့် အိန္ဒိယတို့၏ မြန်မာနိုင်ငံအရေးတွင်ပါဝင်ပတ်သက်လာမှုနှင့် သက်ဆိုင်သောစာတမ်းများ ရေးသားခဲ့သည်။ သူမသည် နိုင်ငံတကာ ကွန်းဖရန့် များ တွင် မြန်မာ့ပထဝီနိုင်ငံရေးနှင့် ပတ်သက်သည့် သုတေသနစာတမ်းများ တင်သွင်းဖတ်ကြားခဲ့ပြီး၊ လက်ရှိ သူမ စိတ်ဝင်စားသော သုတေသနနယ်ပယ်မှာ မြန်မာ့နိုင်ငံရေးတွင် ပါဝင်ပတ်သက်နေသော တရုတ်၏ အခန်းကဏ္ဍ ဖြစ်သည်။

**ဆရာမ Rose ( ကိုယ်ရေးအကျဉ်း)**

ဆရာမ Rose သည် တွဲဖက်ပါမောက္ခ ဆရာမတစ်ဦးဖြစ်ပြီး၊ မြန်မာနိုင်ငံတွင် ၂၀၂၁ခုနှစ် တရားမဝင်စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် နိုင်ငံလုံးဆိုင်ရာ အာဏာဖီဆန်ရေး လှုပ်ရှားမှု (Civil Disobedience Movement- CDM) တွင် ပါဝင်ခဲ့သူ ဖြစ်သည်။ သူမသည် 2007 ခုနှစ်တွင် သူမ၏ PhD ဘွဲ့ကို ရရှိခဲ့သည်။ သူမ၏ လတ်တလော ထုတ်ဝေမှုများတွင် လူကုန်ကူးမှု၊ အီးယူ-မြန်မာ ဆက်ဆံရေး၊ တရားဥပဒေစိုးမိုးရေး နှင့် အာဏာခွဲဝေမှုဆိုင်ရာ သုတေသနများ ပါဝင်သည်။ သူမ၏ အထူးပြုဘာသာရပ်များမှာ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးအင်စတီကျူးရှင်းများ၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ဖြစ်သည်။ ဆရာမတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်သည့်အပြင် ဆရာမ Rose သည် ကျားမရေးရာ နှင့် လူသားလုံခြုံရေးလမ်းဆုံကို နက်နက်ရှိုင်းရှိုင်း စိတ်ဝင်စားပါသည်။ အထူးသဖြင့် ဤအချက်များသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကို တည်ဆောက်ရာတွင် အချင်းချင်း ဆက်စပ်၍ မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကို စိတ်ဝင်စားပါသည်။

**အောင်လက်မှတ် (Certification)**

ဤသင်တန်းကို Humboldt University Berlin မှ ကြီးမှူးပြီး အောင်မြင်စွာ ပြီးဆုံးပါက ECTS 3 ခုဖြင့် certificateလက်မှတ်ရမည်ဖြစ်သည်။

သင်တန်းသင်ရိုးညွှန်းတမ်းမှ သင်တန်းလိုအပ်ချက်များကို စစ်ဆေးပြီး ဤသင်တန်းတက်ရောက်ရန် အတွက် သင်၌ ၎င်းသင်တန်း မှ တောင်းဆိုသော အချက်အလက်များပြည့်စုံကြောင်း သင်တန်းကြီးကြပ်ရေးမှူး(များ)အား အသိပေးပါ။

သင်ရိုးအပြည့်အစုံကို  Moodle သင်တန်းစာမျက်နှာတွင် တွေ့ရပါမည်။

သင်တန်းအဆုံးတွင်၊ သင်တန်းနည်းပြများက သင်၏သင်တန်းပြီးမြောက်အောင်မြင်မှုကို သက်ဆိုင်ရာကြီးကြပ်ရေးရုံး ထံ အကြောင်းကြားပါမည်။ အောင်လက်မှတ်ကို တက္ကသိုလ်အတွင်းဝန်ရုံးမှ ပြင်ဆင်မည်ဖြစ်ပြီး ရက်သတ္တပတ် ၈ ပတ်အတွင်း သက်ဆိုင်ရာ သင်တန်းသား ထံပေးပို့ပါမည်။

**သင်တန်းတက်ရန် အမည်စာရင်းတင်သွင်းခြင်း**

ကျွန်ုပ်တို့၏သင်တန်းများကို ဒစ်ဂျစ်တယ်သင်ကြားရေးပလပ်ဖောင်း, Moodle တွင် ပြုလုပ်ပါမည်။ သင့်အကောင့်ကို Moodle တွင် မဖွင့်မီ၊ သင့်နှင့် အခြားသူများ၏ ဒစ်ဂျစ်တယ်လုံခြုံရေးအတွက် သတ်မှတ်ချက်အချို့ရှိသည်။

- သင်တန်းတက်ရန်အမည်စာရင်းသွင်းသောအခါ၊ သင့်အနေဖြင့်အမည်ဝှက်ကို သုံးနိုင်ပါသည်။သို့သော် ရိုင်းစိုင်းသော၊ လူမျိုးရေးခွဲခြားသော သို့မဟုတ် လိင်ပိုင်းဆိုင်ရာ လှုံ့ဆော်မှုရှိသော အမည်ဝှက်များကို လက်ခံမည်မဟုတ်ပါ။
- ဒစ်ဂျစ်တယ်သင်ကြားရေးပလက်ဖောင်းဆက်သွယ်ရေးသည် ကိုယ်ပိုင်သုံးသီးသန့်မဟုတ်ပါ။ အကြောင်းအမျိုးမျိုးကြောင့် အမည်မဖော်လိုသူများနှင့် စည်းလုံးညီညွတ်သော ဆက်သွယ်ရေးလုပ်ဆောင်ချက်တစ်ခုဖြစ်သည်။ အခြားသူများနှင့် ဆက်သွယ်ရာ၌ ၎င်းတို့၏ ဆက်သွယ်ရေးလမ်းကြောင်းများ၏ ရွေးချယ်မှုများကို လေးစားရန် ကျွန်ုပ်တို့၏ လုံခြုံသော ပလက်ဖောင်းကို အသုံးပြုပါ။

ကျွန်ုပ်တို့သည် သင်တန်းတွင်ပါဝင်သူများနှင့်အတူ သင်ယူမှုပတ်ဝန်းကျင်ကို ဖန်တီးရန်နှင့် ကျွန်ုပ်တို့ကိုယ်တိုင်လေ့လာရန်ရည်ရွယ်၍ဘာသာစကား တစ်မျိုးထက်ပိုသော ( မြန်မာ ဘာသာ၊ အင်္ဂလိပ်ဘာသာ)သင်ကြားမှုဖြင့် သင်တန်းသားများကို အသိပညာပေးရန် ရည်ရွယ်ပါသည်။ တစ်ဦးနှင့်တစ်ဦးအပြန်အလှန်သင်ယူရန် စိတ်အားထက်သန်ပြီး ကွဲပြားသည့် ဘာသာစကား၏ စိန်ခေါ်မှုကိုခံယူ တုန့်ပြန်ပါ။ သက်ဆိုင်ရာlink ကို ဤနေရာ **here** တွင် ကြည့်ရှုနိုင်ပါသည်။

**အကောင့်အသစ်တစ်ခုဖန်တီးပြီး Moodle တွင် သင်တန်းတက်ရန် စာရင်းသွင်းခြင်း။**

**Creating a new account and registering to a course on Moodle**

**1.** လင့်ခ်သည် သင့်အား **Off University Moodle** ၏ ပင်မစာမျက်နှာသို့ ခေါ်ဆောင်သွားမည်ဖြစ်သည်။
**2.** Off University Moodle စာမျက်နှာ၏အပေါ်ဘက်ညာဘက်ခြမ်းရှိ “လော့ဂ်အင်” ခလုတ်ကို နှိပ်ပါ။

*သင့်အနေဖြင့် **Off University Moodle**, တွင် အကောင့်တစ်ခုရှိလျှင် ကျေးဇူးပြု၍ ဝင်ရောက်ပြီး ဖော်ပြပါ **step 7** မှ ဆက်လက်လုပ်ဆောင်ပါ။.*

**3.** “**Create new account**” ကိုတွေ့ရန် အောက်သို့ဆွဲချပြီး clickနှိပ်ပါ။

**4.** ဖြည့်ရန်မဖြစ်မနေလိုအပ်သည့် ***required** အမှတ်အသားပြုထားသည့် ကွက်လပ်များကို ဖြည့်ပါ။

*သင်၏ အထောက်အထားကို ကာကွယ်ရန်နှင့် လုံခြုံရေးကို တိုးမြှင့်ရန်အတွက် အယောင်ဆောင် အချက်အလက်များကို သင်အသုံးပြုနိုင်ပါသည်။ **name@example.org** etc. စသည်တို့ကဲ့သို့ ဆင်တူရိုးမှား အီးမေးလ်လိပ်စာ၊ တစ်ခုကို သင်ထည့်နိုင်သည်။ ကျေးဇူးပြု၍ သင့်အသုံးပြုထားသည့်အမည်နှင့် စကားဝှက် (password)ကို လုံခြုံသောနေရာတွင် မှတ်သားထားပါ။*

**5.** သင့်အကောင့်ကို ဖန်တီးပြီးသည်နှင့် ဆက်လက်လုပ်ဆောင်ရန် နောက်နေ့အထိ စောင့်ပါ။ သင့်အကောင့်ကို အသက်သွင်းရန် Off University မှ လုပ်ဆောင်ပေးရန်လိုအပ်ပါသည်။ သင့်အကောင့်ကို အသက်သွင်းရန် အချိန်အနည်းငယ် လိုအပ်ပါမည်။ အလုပ်ရက်များတွင် ၂၄ နာရီအထိ ကြာနိုင်ပြီး စနေ၊ တနင်္ဂနွေများတွင် ပိုကြာနိုင်သည်။

**6.** သင့်အကောင့် အသုံးပြုနိုင်ခြင်းရှိမရှိ login ဝင်၍စစ်ဆေးပါ။ သင်ဝင်ရောက်နိုင်သည်နှင့် Moodle ၏ပင်မစာမျက်နှာတွင် ရရှိနိုင်သောသင်တန်းများကိုသင်တွေ့လိမ့်မည်ဖြစ်ပြီး သင်တန်းခေါင်းစဉ်ကိုနှိပ်ခြင်းဖြင့်စာရင်းသွင်းနိုင်မည်ဖြစ်သည်။

**7.** သင်တန်းစာမျက်နှာကိုရှာဖွေနိုင်ပြီးနောက် ပင်မစာမျက်နှာရှိ အကြောင်းအရာ၊ အထွေထွေသင်ရိုးညွှန်းတမ်းများနှင့် ကြေငြာချက်များကိုတွေ့ရှိနိုင်ပြီဖြစ်သည်။ သင်တန်းနှင့်ပတ်သက်ပြီး နောက်ဆုံးရသတင်းများရရှိရန် ဤကြေငြာချက်များကို follow ထားပါ